**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊လုံခြုံရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/၂၀/၂၀၂၂

ရက်စွဲ၊၂၀၂၂ခုနှစ်၊ မေလ ၂၃ ရက်

အကြောင်းအရာ။ **ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၂၃-၅-၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ပဆ-(၂)/မလ(DMH)Notice(၅/၁၀၀)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၂-၅-၂၀၂၂)ရက်နေ့ မြန်မာစံတော်ချိန် (၁၃:၃၀) နာရီ အချိန် တိုင်းထွာချက်များအရ ယနေ့မွန်းလွဲမှ (၂၆-၅-၂၀၂၂) ရက်နေ့အတွင်း ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုန်လေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ယင်းကာလအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၂၄)နာရီအတွင်း မိုးရေချိန် ၃ လက်မ(၇၇-မီလီမီတာ)နှင့်အထက် ရွာသွန်းနိုင်ပါသည်။

၂။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် (၄၀) မှ (၄၅) မိုင် အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် (၉) ပေ မှ (၁၃) ပေ ခန့် ရှိနိုင်ပြီး မုတ်သုန် လေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ကမ်းလွန်

ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ နှင့် စက်တပ်သမ္ဗာန်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည်များဆောင်ရွက်နိုင်ရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

---

(အောက်မြန်မာပြည်)၊

၁၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ရေကြောင်းဌာနခွဲ၊

၁၅။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ရခိုင်ပြည်နယ်၊စစ်တွေမြို့၊

၁၆။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ဧရာဝတီတိုင်းဒေသကြီး၊ပုသိမ်မြို့၊

၁၇။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊မွန်ပြည်နယ်၊မော်လမြိုင်မြို့၊

၁၈။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊တနင်္သာရီတိုင်းဒေသကြီး၊မြိတ်မြို့၊

၁၉။ အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်းဆက်သွယ်ရေး (Yangon Radio) သန်လျင်မြို့၊

၂၀။ ဥက္ကာဌ၊ငါးလုပ်ငန်းအဖွဲ့ချုပ်၊ရန်ကုန်မြို့၊

၂၁။ ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း၊

၂၂။ မြန်မာနိုင်ငံကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်ပိုင်ရှင်များအသင်း၊